# အညာပြန်

ဇာတ်ညွှန်း မျိုးထွန်းနိ၊ သရုပ်ဖော် မိုးကြီး




အညာပြန်
ဇာတ်ညွှန်း မျိုးထွန်းနိ၊ သရုပ်ဖော် မိုးကြီး

အကြံပြုဆွေးနွေးခြင်း
လုပ်ငန်းစဉ်
(၁၀) နှစ်ပြည့်
အထိမ်းအမှတ်

# ကျေးရူးတင်လွှာ ...

MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေစီမံကိန်းနှင့် ထိစပ်ကျေးရွာ (၁၄) ရွာအတွက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism - OGM)သည် ယခုအခါ ဆယ်နှစ်တာကာလ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း ဝမ်းမြောက်စွာအသိပေးအပ်ပါသည်။ မိမိတို့၏အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို သမိုင်းဝင်မန်းရေနံမြေတွင် ယခုကဲ့သို့ ဆယ်စုနှစ်တစ်ခုတိုင် အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နိုင်ခဲ့ခြင်းအတွက် စီမံကိန်းနှင့် သက်ဆိုင်သူများဖြစ်သည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (Myanma Oil and Gas Enterprise-MOGE) ၏ပံ့ပိုးကူညီမှု နှင့် ထိစပ်ကျေးရွာ (၁၄) ရွာမှ ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့အား အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း အလေးအနက်ဖော်ပြအပ်ပါသည်။ MPRL E&P ကုမ္ပဏီ၏မန်းရေနံမြေ စီမံကိန်းဝန်ထမ်းများအပါအဝင် စီမံကိန်းနှင့် သက်ဆိုင်သူများအားလုံးအကြား တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ၏ ရလဒ်အဖြစ် မန်းရေနံမြေ၌ ရေနံအထွက်တိုးထုတ်လုပ်မှု လုပ်ငန်းများကို လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှုအပြည့်အဝဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။ ဤကဲ့သို့ အလေ့အကျင့်ကောင်းများကို သက်ဆိုင်သူများနှင့် အများပြည်သူသို့ မုဒိတာတရား ပွားများနိုင်စေရန် ယခုကဲ့သို့ မျှဝေတင်ပြခွင့်ရရှိသည့်အတွက် လွန်စွာဝမ်းမြောက် ဂုဏ်ယူလျက် မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ငန်းကဏ္ဍအသီးသီးတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလားတူ အလေ့အကျင့်ကောင်းများ ပြန့်ပွားကူးစက်တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။





မောင်ကောင်းမြတ်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့
နှံ့သာပုကျေးရွာအုပ်စု နှံ့သာပုကျေးရွာမှ စတုတ္ထတန်း ကျောင်းသားတစ်ဦးဖြစ်သည်။



သူသည် ဉာဏ်ကောင်းပြီး သွက်လက်ထက်မြက်သူ
ဖြစ်သဖြင့် ရွယ်တူကလေးများနှင့်သာမက
လူကြီးများနှင့်ပါ သိက္ခမ်းဝင်ဆံ့ကာ
လူကြီးများကလည်း ခင်မင်ကြသည်။
ဦးကြီး ... အဲဒီအိတ်ကြီး သားဆွဲသွားပေးမယ်လေ ...
အိုး... ရပါတယ် မောင်ကောင်းမြတ်ရယ်။ သားလည်း ကျောင်းဆင်းလာပြီလား...


ယနေ့ မောင်ကောင်းမြတ်တစ်ယောက် အလွန်ပျော်နေသည်။ သူ့မှာ ဒီဇင်ဘာလ ကျောင်းပိတ်ရက်ရှည်ရထားသဖြင့် တဝကြီးကစားပြီး ပျော်နေရစဉ်မှာပင် အညာဒေသမှ ဘကြီးသာလု ရောက်လာပြီး အညာကို အလည်ခေါ်နေသဖြင့် ပိုပျော်နေရ၏။
ဟေး..ဝမ်းသာလိုက်တာ အညာကဘကြီးသာလုက ငါ့ကို အညာကို အလည်လာခေါ်နေတယ် ...



ဘကြီးသာလှရောက်လာပြီးနောက် (၃)ရက်မျှအကြာ.. တောရွာကျေးလက်တို့၏ထုံးစံအတိုင်း ညစာစားပြီးချိန်ဝယ် ကောင်းမြတ်တို့အိမ်ရှေ့ရှိ ကွပ်ပျစ်လေးတွင် ဘကြီးသာလှသည် ကောင်းမြတ်၏ မိဘများနှင့်အတူ အနီးဝန်းကျင်မှ ရွာလူကြီးတချို့ပါ ပါဝင်လျက် စကားကောင်းနေကြ၏။
ဒီဒေသလေးက ပင်လယ်နဲ့လည်းနီး မြစ်ချောင်းတွေလည်းရှိတော့ သစ်ပင်သစ်တောတွေနဲ့ စိမ်းညို့နေတာပဲ။ တို့အညာနဲ့တော့ ... တော်တော်ကွာတာပဲ ...
ဟီး..မနက်ဖြန် မနက်ဆိုရင် ဘကြီးနဲ့အတူအညာကို အလည်လိုက်သွားရတော့မယ်။ ပျော်စရာကြီး..
ဟုတ်တယ်လေ အစ်ကိုကြီးရဲ့။ ဒီနဲ့သာပုရွာဆိုတာက ဇေါ်ရန်ဂျီကျွန်းပေါ်မှာ ရှိတာလေ။ ဇေါ်ရန်ဂျီကျွန်းကလည်း ဧရာဝတီတိုင်းရဲ့အနောက်ဖက်ဆုံးမှာ ... ငရုတ်ကောင်းပင်လယ်အော်အနီးမှာရှိတာ ...
၄



အေးဟ..သစ်ပင်သစ်တောတွေ စိမ်းစိမ်းစိုစိုနဲ့ ပင်လယ်လေကလည်း အေးအေးလေးနဲ့ဆိုတော့ နေလို့ထိုင်လို့တော့ကောင်းသား။ ဒါနဲ့ ဒီမှာက ဘာတွေလုပ်ကြတုန်း ...
ဒီမှာတော့ အများစုက ပင်လယ်ငါးဖမ်းလုပ်ငန်းပဲ လုပ်ကိုင်ကြတာပေါ့။ လယ်တို့ ယာတို့ လုပ်တာတချို့နဲ့ ကွမ်းသီးပင်စိုက်တာတွေလည်း ငရုတ်ကောင်းမှာ ရှိပါတယ်
နောက်တစ်ခုက ဒီငေါ်ရန်ဂျိုကျွန်းပေါ်မှာခရီးသွားလုပ်ငန်းလည်း ရှိပါတယ်။ ဟောဒီ နံ့သာပုရွာရဲ့အနောက်ဖက် ပင်လယ်ကမ်းခြေဘက်မှာ အပန်းဖြေ ဟိုတယ်တွေ၊ တည်းခိုဆောင်တွေ ရှိတယ်လေ..



ဪ..ခရီးသွားလုပ်ငန်းလည်း ရှိတယ်ဆိုတော့ ဒီဒေသလေးကလည်း ရှယ်ပါလားဗျို့...
အင်း..ရှယ်တော့ ရှယ်ပဲဗျို့။ ဒီဒေသမှာတော့ ကမ်းလွန်ခွမ်းအင် စီမံကိန်းတွေလည်းရှိကြတယ်။ သူတို့ရဲ့လုပ်ငန်းလိုအပ်ချက်အရ ရေကြောင်း သတိပေးချက် ထုတ်ပြန်တာတွေ ရှိတတ်တယ်။ ကျွန်တော်တို့ ဒေသခံ ငါးဖမ်းစက်လှေတွေ ဘေးကင်းအောင်ပေါ့ဗျာ။ အဲလို ထုတ်ပြန်ထားရင် အဲဒီနေရာတွေကို ရှောင်ပြီး ငါးဖမ်းထွက်တာပေါ့...
အခုကတော့ စိတ်ပူမိပေမဲ့ သူတို့ဖက်က တိတိကျကျနဲ့ စနစ်တကျ လုပ်ကိုင်ကြတာဆိုတော့ ကျွန်တော်တို့ ငါးဖမ်းသမားတွေအတွက် အထိအခိုက် အပျက်အစီး နည်းပါတယ်။ မရှိသလောက်ပါပဲဗျာ။ တကယ်လို့ ရှိခဲ့ရင်လည်း သူတို့ကို ဆက်သွယ် ပြောပြရင် သူတို့ နားထောင်ပေးပါတယ်...


နေပါဦး..အဲလိုစီမံကိန်းတွေကို ဘယ်သူတွေ လုပ်နေကြတာလဲ ...
အင်း..အဲဒါက နိုင်ငံခြားကုမ္ပဏီတွေလည်းပါတယ်။ မြန်မာကုမ္ပဏီလည်းရှိတယ်။ နာမည်က ဘာတဲ့ အမ်ပီ ...
MPRL E&P လေ.. အမေကလည်း မေ့ရန်ကော ...
ဪ.. MPRL ဆိုရင်တော့ ကျွန်တော်တို့ မင်းဘူးက မန်းရေနံမြေမှာ လုပ်ကိုင်နေတဲ့ ကုမ္ပဏီပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ ဒေသကို အဲဒီ MPRL E&P ကုမ္ပဏီ စရောက်လာတော့ အခုခင်ဗျားတို့လိုပဲ ကျွန်တော်တို့ဆီမှာလည်း စိုးရိမ်မှုတွေ ရှိခဲ့တာပေါ့ ...
ဒါပေမဲ့ MPRL E&P ကုမ္ပဏီက တာဝန်ယူမှု၊ တာဝန်ခံမှု ကောင်းတယ်။ လူမှုရေးတာဝန်သိမှုလည်း ကောင်းတယ်။ ဒါကြောင့် ကုမ္ပဏီလုပ်ငန်းတွေကြောင့် ထိခိုက်နစ်နာမှုတွေရှိလာရင် တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးတယ်ဗျာ။ နစ်နာမှုတွေပေါ်ပြန်လည်ကုစားလုပ်ဆောင်ပေးတယ်။



ပြီးတော့ လူမှုရေးတာဝန်သိမှု အနေနဲ့
ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး
စတဲ့ကဏ္ဍတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်
တွေလုပ်ပေးတယ်ဗျ။ ဒါကြောင့်
အခုဆိုရင် ကျွန်တော်တို့ဆီမှာ
အရင်ကထက် ဖွံ့ဖြိုးတိုးတက်လာတယ်ဗျ။
အဲဒါကြောင့် ကျွန်တော်က ကျေးရွာဥက္ကဋ္ဌကြီး ဦးဓာအောင်နဲ့
ဒီကရွာသားတွေကို အကြံပြုချင်တာကတော့ မဖြစ်သေးတဲ့
ကိစ္စတွေကို ကြိုတွေးပြီး သိပ်လည်း စိတ်ပူမနေကြပါနဲ့။
ကျွန်တော်တို့အနေနဲ့ စိန်ခေါ်မှုတွေကို အခွင့်အလမ်းအဖြစ်
ပြောင်းလဲနိုင်ဖို့သာ လိုရင်းပါ . . .
ဟုတ်ကဲ့ပါ ဦးသာလှ . . .
ကိုင်း. .ကျွန်တော် ပြောရဲတယ်ဗျာ။ ဟောဒီ မောင်ကောင်းမြတ်
အညာဒေသ အလည်ခရီးကနေ ပြန်ရောက်ရင် ဒါတွေနဲ့ပတ်သက်ပြီး
ဘယ်လို အခွင့်အလမ်းတွေ ရှိတယ်၊ ဘယ်လို ဆောင်ရွက်သင့်တယ်
ဆိုတဲ့ အဖြေတော်တော်များများ ရလာပါလိမ့်မယ် . . .


အညာဒေသ၏ ဒီဇင်ဘာမနက်ခင်းက ချမ်းအေးလှသည်။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ထဲရှိ မယ်ဘော့ကုန်းရွာကလေးတွင်တော့ အချမ်းဒဏ်ကို အမှုမထားနိုင်ဘဲ ယာထဲဆင်း၍ လုပ်ငန်းခွင်ဝင်ရန် ထွက်လာကြသော တောင်သူများနှင့် စည်ကားလှုပ်ရှားနေကြပြီ။


ရှာပြင်ဘက်တွင်တော့ နေကြာခင်း၊ နှမ်းခင်း၊ ခရမ်းချဉ်စိုက်ခင်းစသည့် တမျှော်တခေါ်စိုက်ခင်းများက ပြာရီရီနှင်းမှုန်များကြားမှ ရွှေဝါရောင်နေခြည်နုနုတို့ ဖြာကျကာ လှပလျက်။


အဖြူရောင် အပွင့်သေးသေးများ တစ်ခင်းလုံးအနှံ့ ပွင့်လျက်လေတစ်ချက်သုတ်လိုက်တိုင်း ယိမ်းနွဲ့လှုပ်ရှား သက်ဝင်လှုပနေသည့် နှမ်းခင်းကြီးတစ်ခင်း၏ အလယ်တွင်တော့ လူ (၃) ဦးမှာ သဘာဝအလှအပများကို မခံစားနိုင်ဘဲ ဖြစ်နေကြ၏။
မြင်တဲ့အတိုင်းပဲ ကိုကြီးသာလှရေ။ ကျွန်တော့်နှမ်းခင်းထဲကို ရေနံတွေ စိမ့်ဝင်နေတာ။ ကြာရင် မြေဆီလွှာတွေ ပျက်စီးပြီး နှမ်းခင်းကို ထိခိုက်လာမှာကို စိုးရိမ်တယ်။
ဒါတွေကို ရေနံကုမ္ပဏီကို အကြောင်းကြားလို့ ရတာ သိပေမယ့် ကိုယ်တိုင် မကြုံဖူးတော့ လုပ်ငန်းစဉ်တွေကို မသိဘူးဖြစ်နေတယ်။ ဒါကြောင့် အတွေ့အကြုံရှိတဲ့ ကိုကြီးသာလှကို ခေါ်ပြရတာပါ..

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်ထဲရှိ မန်းရေနံမြေ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE နှင့် အကျိုးတူလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီတစ်ခုဖြစ်သည့် MPRL E&P ၏ လုပ်ကွက်ဧရိယာနှင့် ထိစပ်ကျေးရွာ တချို့ရှိရာဝယ် မယ်ဘော့ကုန်းကျေးရွာသည်လည်း အပါအဝင် ဖြစ်ပါသည်။









ကျုပ်မှာဖြစ်တာကတော့ ရေနံယိုဖိတ်တာမဟုတ်ဘူးဗျ။ကျုပ်မြေပဲခင်းထဲကို ရေနံပိုက်လိုင်း
နှစ်ခုဖြတ်ဝင်နေတာ။ ထွန်ယက်စိုက်ပျိုးဖို့ မလွတ်တော့ အခက်တွေ့ရတာပေါ့ဗျာ။ အဲဒီတော့
ကျေးရွာစေတနာ့ဝန်ထမ်း မစိုးစိုးဆိုတာက ကျုပ်တူမပဲဆိုတော့ သူ့ကိုပဲသွားပြော
လိုက်တယ်လေ။ သူက ကုမ္ပဏီတာဝန်ရှိသူတွေဆီ အကြောင်းကြားပေးလိုက်တော့
ကျုပ်မြေပဲခင်းထဲ လာပြီး စစ်ဆေးကြည့်ရှုကြတာပေါ့ဗျာ။
အဲဒီနောက်တော့ အဲဒီပိုက်လိုင်းနှစ်ခုကို လာဖယ်ပေးတာပေါ့။ ခင်ဗျားနဲ့ အဖြစ်အပျက်တော့
မတူဘူးပေါ့...


ဟုတ်လား။ ဒါဆိုရင် ကျွန်တော့်ကိစ္စလည်း အဲဒီလိုလုပ်ရင် ရနိုင်တာပေါ့နော်...
ကျုပ်ထင်တာတော့ ကိုတိုးကိစ္စလည်း အကျုံးဝင်မှာပါ။ သဘောချင်းက အတူတူပဲကိုး။
ဒါပေမဲ့ ဒါတွေကို သေချာ သိချင်ရင် ကျုပ်တူမဆီ သွားမေးလိုက်တာ အကောင်းဆုံးပဲဗျ။
သူကတော့ ရွာခံစေတနာ့ဝန်ထမ်းဆိုတော့ ရေလည်အောင် ရှင်းပြနိုင်လိမ့်မယ်...


သို့ဖြင့် ဦးသာလုတို့မှာ ရွာပြင်ဘက် ယာခင်းဆီမှ ကျေးရွာစေတနာ့ဝန်ထမ်း မစိုးစိုးအိမ်ရှိရာ မယ်ဘော့ကုန်းရွာဘက်သို့ ပြန်လာခဲ့ကြ၏။
မစိုးစိုးမှာကျေးရွာအမျိုးသမီးအဖွဲ့ခေါင်းဆောင်ဖြစ်ပြီး ဒေသခံ ကျေးရွာစေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ပေးနေခြင်း ဖြစ်သည်။


ရွာပြန်မရောက်မီ တစ်ခုသော နေကြာခင်းကြီး အနီးရောက်တွင်...



ဪ..ဘယ်သူများလဲ မှတ်တယ်၊ ကိုလှဆောင်ကိုး..
ဟုတ်တယ် ကိုကြီးသာလှရေ.. ဟောဒီမှာ ကျွန်တော့်နေကြာခင်းထဲ အဲဒီဘွိုင်လာအိုးကြီး ရှိနေတော့ အဆင်မပြေဘူးလေ.. ဒါကြောင့် ကုမ္ပဏီကို အကြောင်းကြားပြီး ဖယ်ထုတ်လိုက်တာလေ..
ဪ..ဟုတ်လား။ ဒါဆိုရင် ဒီဟာကြီးကို ရှင်းထုတ်ဖို့ဘယ်ပုံဘယ်နည်း ဆောင်ရွက်ခဲ့ရသလဲ ဆိုတာ ကျွန်တော်တို့ကိုလည်းတစ်ချက်လောက် လင်းစမ်းပါဦးဗျာ။ ကျွန်တော့်မှာလည်း အလားတူ ကိစ္စမျိုးနဲ့ ကြုံနေလို့..
ဟုတ်တယ်ဗျို့။ ဒါတွေက ကျုပ်တို့အနေနဲ့ ဗဟုသုတအဖြစ် မှတ်သားထားရမယ့် ကိစ္စတွေဗျ..



ဒီလိုဗျ။ ဒီကိစ္စကြီးကို ဖြေရှင်းဖို့ဆိုရင် MPRL E&P ကို ဆက်သွယ်ပြီး
ဆောင်ရွက်ရမယ် ဆိုတာကိုတော့ သိတာပေါ့ဗျာ။ ဒါပေမဲ့ ...
ဘယ်လိုလုပ်ရမယ် ဆိုတဲ့ လုပ်ငန်းစဉ် အသေးစိတ်ကိုတော့ နားမလည်ဘူးဗျ။


ဒါကြောင့် ကျွန်တော့်ညီ မြဆောင်ကိုပဲ ပြောပြ အကူအညီ တောင်းလိုက်ရတာပေါ့။
သူက ဟောဒီ မယ်ဘော့ကုန်းရွာရဲ့ အုပ်ချုပ်ရေးမှူးဆိုတော့ နားလည်တယ်လေ။
သူက MPRL E&P က တာဝန်ရှိသူတွေဆီ တိုက်ရိုက်
ဖုန်းဆက် အကြောင်းကြားလိုက်တာဗျ ...


အဲ့ဒီနောက် ကုမ္ပဏီက တာဝန်ရှိသူတွေ လာပြီးကြည့်တယ်ဗျာ။
စစ်ဆေးကြတာပေါ့။ နောက်တော့ ဒါကြီးကို ဘယ်လို ဘယ်ပုံ
ရှင်းထုတ်ပေးမယ်ဆိုတာကို ကြိုတင်အသိပေးတယ်လေ။
လုပ်ပေးမယ့် အစီအစဉ်ကို ကြိုတင်အကြောင်းကြားတာပေါ့..


အဲ့ဒါ ဒီနေ့တော့ ကြိုတင်အကြောင်းကြားထားတဲ့ အစီအစဉ်အတိုင်း
လာဖယ်ပေးနေတာပေါ့ဗျာ။ အခုလို ဂရုတစိုက်နဲ့အဆောတလျင်
ဆောင်ရွက်ပေးတော့ ကျွန်တော့်အတွက် ဝမ်းသာစရာပေါ့ဗျာ..
စိတ်အားထက်သန်စွာ မနားတမ်းပြောလျက် ရှင်းပြနေသော
ဦးလှဆောင်၏ မျက်နှာတွင် ကျေနပ်ဝမ်းသာနေဟန် အပြည့်။


သို့ဖြင့် ကျေးရွာစေတနာ့ဝန်ထမ်း မစိုးစိုးထံရောက်သော် -
ဟော..ဘကြီးသာလှတို့ပါလား။ လာပါရှင်။ ထိုင်ကြပါ။ ဒါနဲ့ ဘယ်ကလှည့်လာကြတာလဲ ဘကြီးရဲ့..
ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး။ ဒီကိုပဲ တမင်လာတာ။ ကိစ္စလေးတစ်ခု မေးစရာရှိလို့..
ကဲ..ဘကြီးရော၊ ဦးလေးတို့ရော အကြမ်းရည်လေးနဲ့ ထန်းလျက်ခဲလေး သုံးဆောင်ကြပါဦး၊ ကဲ..ဘကြီး၊ ပြောပါဦး။ သမီး ဘာကူညီရမလဲ ...



ဦးသာလှက ဦးတိုးကြုံနေရသည့် ကိစ္စကို အသေးစိတ် ပြောပြလိုက်၏။
ဒီလို သမီးရဲ့။ အခု ကိုတိုးရဲ့ နှမ်းခင်းထဲမှာ...
MPRL E&P က ရေနံတွေ × × ×
အဲဒါ သိချင်တာက × × ×..


မစိုးစိုးကလည်း ဘကြီးဖြစ်သူကိုယ်တိုင် တကူးတက လာရောက်မေးမြန်း အကူအညီတောင်းခြင်းဖြစ်၍ သေချာ ရှင်းပြပေး၏။
ဟောဒီ မန်းရေနံမြေမှာ MPRL E&P ရဲ့လုပ်ကွက်ဧရိယာနဲ့ ထိစပ်နေတဲ့ ရွာပေါင်း (၁၄) ရွာ ရှိပါတယ်။ အဲဒါတွေက ကျွန်မတို့ရဲ့ မယ်ဘော့ကုန်းရွာအပါအဝင် လက်ပံတော၊ရွာသာ၊ လေးအိမ်တန်း၊ ပေါက်ကုန်း စတဲ့ ရွာတွေဖြစ်ပါတယ် ..



အဲဒီရွာတွေတိုင်းမှာ ကျွန်မလို ဒေသခံ ကျေးရွာဆက်ဆံရေးတာဝန်ခံတစ်ဦးစီ ထားရှိပေးထားပါတယ်။ ဒေသခံတွေ အနေနဲ့ ထိခိုက်နစ်နာမှုတွေနဲ့ ကြုံလာရရင် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် OGM ကနေ တစ်ဆင့် ဆက်သွယ် ဆောင်ရွက်နိုင်ပါတယ် ...



ဆက်သွယ်ဆောင်ရွက်နိုင်မယ့် နည်းလမ်းကတော့ (၃) ခု ရှိပါတယ်။ ပထမတစ်ခုက ရွာတိုင်းမှာ ထားရှိပေးထားတဲ့ စာတိုက်ပုံးကတစ်ဆင့် အကြံပြုစာ ပေးပို့ဆောင်ရွက်နိုင်ပါတယ်။ စာတိုက်ပုံးမှာ အကြံပြုစာ ထည့်ပေးရမှာ ဖြစ်ပါတယ် ...
အကြံပြုစာပုံး


ဒုတိယ နည်းလမ်းကတော့ ရွာတိုင်းမှာ ရှိတဲ့ ကျွန်မလိုဒေသခံ
စေတနာ့ဝန်ထမ်းကို တိုက်ရိုက်ပြောဆို တင်ပြနိုင်တာ ဖြစ်ပါတယ်။
ဒါဆိုရင် ကျေးရွာစေတနာ့ဝန်ထမ်းက MPRL E&P ရဲ့
တာဝန်ရှိသူတွေထံ ဆက်သွယ်တင်ပြဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ် ...
တတိယ နည်းလမ်းကတော့ MPRL E&P ရဲ့တာဝန်ရှိသူတွေထံ တိုက်ရိုက်ဖုန်းဆက် အကြောင်းကြား
တင်ပြနိုင်တာပဲ ဖြစ်ပါတယ်။ ဒါကို ကိုယ်တိုင်ပဲဖြစ်ဖြစ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးက တစ်ဆင့်ပဲဖြစ်ဖြစ်၊
တခြားသူတစ်ဦးဦးက တစ်ဆင့်ပဲဖြစ်ဖြစ် လုပ်ဆောင်နိုင်ပါတယ်..


မစိုးစိုးက အကျယ်တဝင့် ရှင်းပြနေ၏။ ဦးသာလှတို့(၃)ယောက်ကလည်း ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်လျက်။
အဲဒီလို အကြံပြုဆွေးနွေးတင်ပြလာရင် ကုမ္ပဏီက တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုစစ်ဆေးကြမှာ ဖြစ်ပါတယ်။ ပြီးရင်တော့ထိခိုက်နစ်နာမှု အခြေအနေတွေ အပေါ်မူတည်လို့ ဘယ်လိုကုစားမှုပေးရမယ်ဆိုတာကို စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်ပေးမယ့် အစီအစဉ်ကို အကြောင်းပြန်ပေးမှာ ဖြစ်ပါတယ်။
ထိခိုက်နစ်နာတဲ့ ကာယကံရှင်က အဲဒါကို လက်ခံတယ်ဆိုရင် အကြောင်းပြန်ကြားချက်မှာပါတဲ့ အစီအစဉ်အတိုင်း လာရောက်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ တကယ်လို့ အကြောင်းပြန်ကြားချက်မှာပါတဲ့ အစီအစဉ်ကို သိပ်သဘောမတွေ့ဘူးဆိုရင်လည်း ထပ်မံပြီး ဆွေးနွေးညှိနှိုင်းလို့ ရပါသေးတယ် . . .



ဪ..အဲဒီလိုကိုး။ ဒါနဲ့ ဘကြီးတစ်ခုသိချင်တာက
အဲဒီအကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ထဲမှာ
ဘယ်လိုကိစ္စမျိုးတွေအကျုံးဝင်သလဲ ...
ဘာဖြစ်လို့ အဲဒီလို
မေးရတာလဲ ဘကြီးရဲ့
ဒီလိုပါ။ ကိုတိုးရဲ့ ကိစ္စလေး
အကျုံးဝင် မဝင်၊ လုပ်လို့ ရ မရ သိချင်လို့ပါ ..
ဪ..ဒီလိုကိုး။ အကြံပြုဆွေးနွေးတင်ပြနိုင်တဲ့ ကိစ္စရပ်တွေက
တိတိကျကျ သတ်မှတ်ထားတာ ရှိပါတယ်။ ဒါတွေကို အခါအားလျော်စွာ
ပြုလုပ်ပေးနေတဲ့ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ
အသိပညာပေး ဆွေးနွေးပွဲတွေမှာလည်း ရှင်းပြပေးပါတယ်။
ပြီးတော့ စာအုပ်စာစောင်တွေ ထုတ်ဝေဖြန့်ဖြူးပြီးတော့လည်း
ဆောင်ရွက်နေပါတယ်။


အခု ဦးလေးတိုးရဲ့ ကိစ္စက အကျုံးဝင်ပါတယ်။ အကြံပြုဆွေးနွေးတင်ပြနိုင်ပါတယ်။ အခုပဲ အကြံပြုဖောင်မှာ ဖြည့်သွင်းပြီးတင်ပြလို့ရပါတယ်။
ဟား..ဒါဆိုရင် နေရာကျတာပဲ။ ကိုတိုးရေ..ဒီမှာနေရစ်ခဲ့ပြီး တစ်ခါတည်း ဖောင်ဖြည့်လိုက်ပေါ့.. ကျုပ်တော့ ယာထဲမှာ လုပ်စရာလေးရှိနေလို့ပြန်လိုက်ဦးမယ် ...


ကျေးဇူးပဲ ကိုကြီးသာလှရေ။ ကိုကြီးသာလှကြောင့် ကျွန်တော်တော့ မြန်မြန်ဆန်ဆန်နဲ့ လမ်းကြောင်းတည့်သွားပြီဗျာ..
ဩော်..မလိုပါဘူး ကိုတိုးရယ်။ အချင်းချင်းတွေပဲ။ ဒီလောက်တော့ လုပ်ပေးရမှာပေါ့။ ကဲ..သမီးရေ..ဘကြီးပြန်လိုက်ဦးမယ်နော်။ သမီးက အခုလို သေသေချာချာရှင်းပြပေးတာကို ဘကြီးတို့အားလုံးကလည်း ကျေးဇူးတင်ပါတယ်ကွယ် ...
ဟုတ်ကဲ့.. ကောင်းပါပြီ ဘကြီးရယ်။



အညာမြေ၏ ဒီဇင်ဘာအအေးဓာတ်က မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းဖြစ်သော
ဧရာဝတီ ကောင်းဒေသထက် ပိုကဲသည်ဟု ကောင်းမြတ်ခံစားရသည်။

သို့သော် ယင်းသည် မနက်ပိုင်းနှင့် ညနေပိုင်းတွင်သာဖြစ်ပြီး နေ့ခင်းပိုင်းကတော့ ကောင်းမြတ်အဖို့ ငရုတ်ကောင်းဒေသထက် ပိုပူနေလေသည်။ အကြောင်းကတော့ ဘကြီးသာလုတို့နေထိုင်ရာ မင်းဘူးခရိုင်သည် မိုးခေါင်ရေရှားဒေသဖြစ်၍ သစ်ကြီးဝါးကြီးများ ကျဲပါးကာ အပူပိုင်းဒေသ ဖြစ်နေသောကြောင့်ပင်။







ဟော့ ကောင်းမြတ်..
မင်းပျင်းနေရင် ငါနဲ့လိုက်ခဲ့ပါလား။
ဟိုဖက်မှာ ကြွက်နီတို့နဲ့ ဘောလုံး
သွားကန်မလို့...
ကောင်းမြတ်မှာ ဘကြီး၏သား ဖိုးထူး
လာခေါ်သဖြင့် အတော်ဖြစ်သွားသည်။


ဟုတ်ပြီ ကောင်းမြတ်ရေ..
ကြွက်နီဆီကို ပေးထား..
ဟုတ်ပြီကွ..
ကန်ထား..ကန်ထား..
ဂိုးတော့မယ်..


ကောင်းမြတ်မှာ ဖိုးထူးနှင့် ၎င်း၏ဘော်ဒါများဖြစ်သော ကြွက်နီ၊ ဗိုက်ပူ၊ သံချောင်းတို့နှင့် အဖွဲ့ကျသွားပြီးနောက်တွင်တော့ အညာမြေ အညာရနံ့သည် သူနှင့်အကျွမ်းဝင်စပြုလာသည်။ သူသည် ဖိုးထူးတို့အုပ်စုနှင့်အတူ တပျော်တပါး ကစားသည်။









ညနေစောင်းနေညိုညိုတွင် လေတဟူးဟူးဖြင့် စက်ဘီးစီးရသည့် အရသာကတော့ သူအကြိုက်ဆုံး။
ဘယ်လိုလဲ ကောင်းမြတ်၊ မင်းကြိုက်တယ်မဟုတ်လား . . . ဟေး . . ဟေး . .
အေးကွ။ ကွင်းဘက်မှာ စက်ဘီးစီးရတာ လေတဟူးဟူးနဲ့ တကယ်မိုက်တယ် ဟီး . . ဟီး


စနေနေ့တွင်တော့ -
လူလေး . . မောင်ကောင်းမြတ်ရေ၊ လူလေးကို ဗဟုသုတ ရစရာ နေရာတစ်ခုကို ခေါ်သွားမလို့၊ ဘကြီးတို့ အေးမြရွာဘက်ကို သွားကြမယ် . . .



အေးမြရွာက မယ်ဘေ့ကုန်းရွာ၏ တောင်ဘက်တွင် ရှိသည်။ မန်းကျိုးနှင့်ကောင်းစွာမဝေးလှ။



ဘကြီးသာလှ ခေါ်သွားသည့် နေရာက အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာန (Aye Mya Community Center) ဆိုသည့်နေရာ။
လာကွယ့် ကောင်းမြတ်။ အထဲကို သွားရအောင်။

အထဲတွင်တော့ အွန်လိုင်း (Online) အင်္ဂလိပ်စာသင်တန်း နှင့်အတူ စာကြည့်တိုက်တစ်ခုပါ ရှိနေသည်ကိုတွေ့ရ၏။



ဖိုးထူးက အခြားသင်တန်းသားကလေးများနှင့်အတူ လက်တော့ပ် (Laptop) ကွန်ပျူတာ ကိုယ်စီဖြင့် အင်တာနက်မှတစ်ဆင့် အင်္ဂလိပ်စာသင်ယူ၏။ သူတို့ကို ဆရာမတစ်ဦးက သင်ကြားပေးနေခြင်းဖြစ်သည်။






သူ့လိုပင် စတုတ္ထတန်းကျောင်းသားတစ်ဦးဖြစ်သော ဖိုးထူးက မီးနီကလေး လင်းချီမှိတ်ချီ ရှိနေသော မောက်စ် (Mouse) ကို ကိုင်လိုက်၊ ကီးဘုတ် (Keyboard) ကို တချောက်ချောက် နှိပ်လိုက်ဖြင့် ကွန်ပျူတာကို ကျင်လည်စွာ ကိုင်တွယ်နေပုံက ငရုတ်ကောင်းပင်လယ်အော် နံဘေး၌ မေးတင်နေသည့် တံငါရွာလေးတစ်ရွာသာဖြစ်သော နံ့သာပုရွာက ကောင်းမြတ်အတွက် အထင်ကြီး အားကျစရာပင်။
အင်း..ငါတို့ရွာမှာလည်း ဒီလို ကွန်ပျူတာနဲ့ စာသင်တာမျိုးရှိရင် အရမ်းကောင်းမှာပဲ ..
ကောင်းမြတ်ရေ..သား ပျင်းရင် စာကြည့်တိုက်က စာအုပ်တွေ ဖတ်လို့ရတယ်ကွယ့်..
ဗျာ..ဟုတ်ကဲ့ ဘကြီး။
ဘကြီးသာလှက ဆိုသဖြင့် စာကြည့်တိုက်ထဲသို့ ကောင်းမြတ် ဝင်ခဲ့သည်။ စာအုပ်များက အစုံလင်။ သိပ္ပံနှင့် လျှို့ဝှက်ဆန်းကြယ်၊ သင်ကြားလေ့လာမှုနှင့် စာပေဆိုင်ရာများ၊ ကာတွန်းနှင့် ရုပ်ပြများ၊ ဉာဏ်စမ်းနှင့် အထွေထွေ၊ ပုံပြင်နှင့် ကဗျာ၊ သုတရသ၊ ဘာသာပြန်၊ ကွန်ပျူတာ နည်းပညာ၊ အားကစား၊ ဥပဒေ စသဖြင့် တပုံတပင်ကြီး။


ကောင်းမြတ်က သူကြိုက်သော ကာတွန်းနှင့် ရုပ်ပြစာအုပ် တချို့ကို လှန်လှောဖတ်ကြည့်သည်။ ပြီးတော့ သိပ္ပံနှင့် လျှို့ဝှက်ဆန်းကြယ် စာအုပ်၊ ပုံပြင်စာအုပ်နှင့် ကဗျာစာအုပ်တချို့ကိုလည်း သူဖတ်ရှုလေ့လာခဲ့သည်။







သို့ဖြင့် သူတို့နှစ်ဦး အေးမြကျေးရွာ လူထုအခြေပြု ဗဟိုဌာန
အနောက်ဘက်ရှိ ဘုရားကုန်းပေါ်သို့ တက်လာကြသည်။



ဘုရားဖူးပြီးနောက် ဘကြီးသာလှက ၎င်းဘုရားကုန်းပေါ်ရှိ အေးမြဓမ္မာရုံကို ပြပြန်သည်။
ဓမ္မာရုံ၌ ဆေးခန်းတစ်ခု ဖွင့်ထားပြီး လူနာတချို့ကိုလည်း မြင်ခဲ့ရ၏။
တွေ့လား‥ မောင်ကောင်းမြတ်။ အဲဒါ အခမဲ့
ရွှေ့လျားကျန်းမာရေးဆေးခန်းပဲကွယ့် …
ရွှေ့လျားကျန်းမာရေး ဆေးပေးခန်း



ဘုရားဖူးပြီးတော့ သူတို့နှစ်ယောက် အေးမြကျေးရွာ လူထုအခြေပြု ဗဟိုဌာန (Aye Mya Community Center) သို့ ပြန်လာကြကာ ဖိုးထူးကို ခေါ်ပြီး စကားတပြောပြောဖြင့် မယ်ဘော့ကုန်းရွာသို့ ပြန်လာခဲ့ကြသည်။
ဘယ့်နှယ့်လဲ မောင်ကောင်းမြတ်ရဲ့.. အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာနကိုရော ဘုရားဖူးရတာကိုပါ ကြိုက်တယ် မဟုတ်လား ...
ဟား..အရမ်းကြိုက်တာပေါ့။ သားက ဖိုးထူးတက်နေတဲ့ ကွန်ပျူတာနဲ့ အင်္ဂလိပ်စာ သင်တာကို အကြိုက်ဆုံးပဲ။
အဲဒီ အေးမြကျေးရွာ လူထုအခြေပြု ဗဟိုဌာန ဆိုတာရော ဘုရားပေါ်က အခမဲ့ ရွှေ့လျားကျန်းမာရေး ဆေးခန်းပါ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ ဖွင့်လှစ်ပေးထားတာကွယ့် ...
ဘကြီး..CSR ဆိုတာ ဘာလဲဟင်.. သားမသိလို့..
အဲဒါ ဘကြီးကတော့ ဖွံ့ဖြိုးရေး လုပ်ပေးတာလို့ပဲ နားလည်တာပဲ။ သေချာ သိချင်ရင်တော့ မင်းဦးလေး ဦးလှထွန်းကို မေးကြည့်မှရမယ်။ သူကတော့ ကျေးရွာအုပ်ချုပ်ရေးမှူးလည်းဖြစ်တယ်။ ကုမ္ပဏီရဲ့ CSR လုပ်ငန်း တွေမှာလည်း ထဲထဲဝင်ဝင်ပါဝင် လုပ်ဆောင်နေတာမို့ သူကတော့ သိလိမ့်မယ်။တစ်ရက် မနီးကျိုးရွာက သူ့အိမ်ကို ဘကြီးတို့ အလည်သွားကြမယ်လေ..
အညာမြေသို့ ရောက်ကတည်းက ကောင်းမြတ်အဖို့ မြင်သမျှ တွေ့သမျှ အရာရာသည် အသစ်အဆန်းတွေချည်း။ အထူးသဖြင့် MPRL E&P နှင့် ပတ်သက်၍ မြင်တွေ့ကြားသိရသမျှတို့ဖြစ်သည်။



သူရောက်ပြီးနောက်တစ်ရက်မှာပင် ဘကြီးသာလှတို့နှင့် ယာချင်းကပ်လျက်ရှိ ယာခင်းရှင် ဦးတိုးက အကူအညီ
လာတောင်းသဖြင့်ဘကြီးက အကြံပြုစာတင်ရန် ဒေသခံ စေတနာ့ဝန်ထမ်းဖြစ်သော အစ်မစိုးစိုးဆီ
ခေါ်သွားပေးခဲ့သည်ကို တွေ့လိုက်ရသေး၏။
အင်း..အဲဒီအကြံပြုစာတင်တယ် ဆိုတာကလည်း
ဘယ်လိုပါလိမ့်..နောက်မှ ဘကြီးကိုမေးကြည့်ဦးမယ်..


တစ်ရက် ကောင်းမြတ်တစ်ယောက် ကြွက်နီတို့
အုပ်စုနှင့် ဘောလုံးကန်ပြီး မောမော ဆာဆာနှင့်
အိမ်ပြန်အလာ၊ ဘကြီး၏ဇနီး ကြီးကြီးမြ၏
ထမင်းဝိုင်းက အညာပုန်းရည်ကြီးနှင့် ဝက်သား
အချိုချက်၊ မောင်မခေါ်ပဲ၊ အညာခရမ်းချဥ်သီး
ငါးပိချက်နှင့် ဘူးရွက်ပြုတ် တို့စရာတို့ဖြင့်
သွားရည်ယိုချင်စရာ။ သည်တော့
သူစားကောင်းကောင်းဖြင့်
တဝကြီး စားပစ်လိုက်၏။


ထို့ကြောင့် ညဘက်ရောက်တော့ သူဗိုက်လေးလေးဖြင့် စောစောစီးစီးပင် အိပ်ပျော်သွားသည်။
ချမ်းချမ်းစီးစီးဖြင့် ကောင်းမြတ် အိပ်ကောင်းနေဆဲမှာပင် –
သားရေ မောင်ကောင်းမြတ်‥ထတော့ကွယ့်။ မင်းဘကြီးက အခုမနက် မင်းဦးလေး လှထွန်းအိမ်ကို သွားစရာရှိလို့။ အဲဒါ သားကိုပါ ခေါ်သွားမလို့တဲ့။ သားက ညက အစောကြီးအိပ်သွားလို့ မပြောလိုက်ရဘူးကွယ် . . .


ဦးလေး ဦးလှထွန်းတို့ နေထိုင်ရာ မန်းကျိုးရွာသည် ဘကြီးသာလှတို့ရွာ မယ်ဘော့ကုန်း၏ မြောက်ဘက်တွင် ရှိသည်။ မန်းကျိုးရွာ အနီးတွင် မန်းချောင်းရှိပြီး ၎င်းအပေါ်တွင် မန်းချောင်းတံတားရှိ၏။ မန်းချောင်းတံတားပေါ်မှ ဖြတ်သန်းလာသောအခါ တံတားပေါ်မှ အပေါ်စီးမြင်ကွင်းဖြင့် မျက်စိတစ်ဆုံးလှမ်းမြင်ရသော နေကြာခင်းများ၊ ပန်းနှမ်းခင်းများ‥


ထို့အပြင် တံတားပေါ်မှ အပေါ်စီးမြင်ကွင်းဖြင့် မြင်တွေ့နေရသော မန်းချောင်းအလှနှင့် သာယာတင့်မောဖွယ် မြေပြင်ရှုခင်းတို့ကလည်း ကောင်းမြတ်အဖို့ တအံ့တဩ ငေးမောဖွယ်ရာ။
ဟား..ဒီအပေါ်က မြင်ရတာ အရမ်းလှတာပဲနော် ဘကြီး..
ဟုတ်တာပေါ့ကွယ်...


မန်းကျိုးရွာအဝင် လမ်းဘေးဝဲယာတွင် ခရမ်းချဉ်သီး ဆွတ်ခူးနေသော တောင်သူများကိုလည်း တွေ့ခဲ့ရ၏။
ခရမ်းချဉ်သီးတွေက ကြီးလည်းကြီး လှလည်းလှတယ်နော် ဘကြီး..
ဟုတ်တယ်ကွယ့်။ ခရမ်းချဉ်က တကယ်တော့ ဘကြီးတို့အညာမှာ မိရိုးဖလာနည်းနဲ့စိုက်လို့ ခုလောက်မအောင်မြင်နိုင်ဘူး။ အခုလို ခရမ်းချဉ်သီးတွေ အောင်မြင်ဖြစ်ထွန်းလာတာ MPRL E&P ရဲ့ CSR လုပ်ငန်းစဉ်ထဲမှာ တစ်ခုအပါအဝင် ဖြစ်တဲ့ စိုက်ပျိုးရေး ပွံ့ဖြိုး တိုးတက်ရေးအစီအစဉ်က ပံ့ပိုးဆောင်ရွက် ပေးထား လို့ကွယ့်..


ကောင်းမြတ်၏ဦးလေး မန်းကျိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွန်း၏အိမ်ကိုရောက်တော့ ဧည့်သည်တချို့နှင့် အတူ ရွာသားများလည်း ရောက်နေသည်ကို တွေ့ရသည်။
ကဲ့..မောင်ကောင်းမြတ်ရေ၊ ဟောဒါ မင်းဦးလေး ဦးလှထွန်းပဲ။ သူကတော့ မင်းဦးလေး ဦးလှထွန်းရဲ့သား အောင်အောင်တဲ့.. လှထွန်းရေ..ဒါက ငရုတ်ကောင်းက ရောက်နေတဲ့ မင်းတူ မောင်ကောင်းမြတ်ပဲ ...
အစ်ကိုကြီးတို့ရောက်လာတာ အတော်ပဲ။ အခုဒီမှာMPRL E&P က အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဥ်နဲ့ CSR ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ လုပ်ဖို့အတွက် CSR ဝန်ထမ်း ကိုရန်နိုင်နဲ့ ကျေးရွာစေတနာ့ဝန်ထမ်း ဒေါ်နှင်းနှင်းတို့ ရောက်နေကြတယ်လေ။ အဲဒါ အစ်ကိုကြီးတို့လည်း ဗဟုသုတရအောင် တစ်ခါတည်း နားထောင်သွားကြပေါ့ ...
ဟုတ်လား.. ဒါဆိုရင် မောင်ကောင်းမြတ်ရေ.. လူလေး သိချင်တာတွေ သိရဖို့ အတွက် အတော်ဖြစ်သွားတာ ပေါ့ကွာ..


ပထမဦးစွာ ကျေးရွာစေတနာ့ဝန်ထမ်း ဒေါ်နှင်းနှင်းက လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဝေငှပြီး ရှင်းပြသည်။
MPRL E&P ရဲ့ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် OGM ဆိုတာ မြန်မာနိုင်ငံရဲ့ ကုန်းတွင်းရေနံနဲ့ သဘာဝဓာတ်ငွေ့ကဏ္ဍ Oil and Gas Sector မှာ ၂၀၁၄ ခုနှစ်ကတည်းက ပထမဦးဆုံး စတင်ကျင့်သုံးခဲ့တဲ့ (၁၀) နှစ်တိုင်တိုင် အောင်မြင်မှုတွေလည်း ရရှိနေတဲ့ ယန္တရား Mechanism တစ်ခုပဲဖြစ်ပါတယ် ...
အဲဒီ OGM ဆိုတာကို တစ်ဆိတ်လောက် သေချာရှင်းပြပေးနိုင်မလား ခင်ဗျ။ နားမလည်လို့ပါ ...
OGM ဆိုတာက Operational Grievance Mechanism ရဲ့ အတိုကောက်ပါ။ နစ်နာမှုတွေကို ဖြေရှေ့ကုစားပေးတဲ့ လုပ်ငန်းစဉ်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါဟာ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ပါပဲ ...
ရွာသား၏ အမေးကို ကိုရန်နိုင်က ကြားဝင်ရှင်းပြလိုက်၏။


အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆို၍ ကောင်းမြတ် စိတ်ဝင်စားသွား၏။ ကိုရန်နိုင် ကြားဝင်ရှင်းပြပြီးနောက် ဒေါ်နှင်းနှင်းက ပြန်လည် ပြောပြောသည်။
အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆိုတာ ဒေသခံတွေအနေနဲ့ MPRL E&P ရဲ့လုပ်ငန်းတွေကြောင့် ထိခိုက်နစ်နာမှုတွေ ရှိလာရင်သော်လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း ဆက်သွယ်အကြံပြုတင်ပြနိုင်မယ့် နည်းလမ်းတွေ ဖြစ်ပါတယ်။ အကြံပြုတင်ပြဖို့အတွက် နည်းလမ်း (၃) သွယ် ရှိပါတယ်။ အခုကျွန်မတို့ ဖြန့်ဝေထားတဲ့ လက်ကမ်းစာစောင်တွေမှာ အသေးစိတ် ပါပါတယ်။


အဲဒီလို အကြံပြုဆွေးနွေးတင်ပြလာရင် ကျွန်မတို့ဘက်က
(၁) အကြံပြုစာကို လက်ခံခြင်းနဲ့ အသိအမှတ်ပြုခြင်း၊
(၂) အကဲဖြတ်ခြင်းနဲ့ တာဝန်ချထားဆောင်ရွက်ခြင်း၊
(၃) စုံစမ်းစစ်ဆေးခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ခြင်း၊
(၄) အကြံပြုစာပိတ်သိမ်းခြင်းနဲ့
(၅) သင်ခန်းစာပေါ်ထုတ်ခြင်း ဆိုတဲ့ အဆင့် (၅) ဆင့်နဲ့ ဆောင်ရွက်ပြေရှင်းပေးသွားမှာ ဖြစ်ပါတယ်။


ဟုတ်ကဲ့ ခင်ဗျ။ ဟို..အဲဒီ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် ထဲမှာ
ဘယ်လိုကိစ္စတွေ အကျုံးဝင်သလဲ ဆိုတာကိုလည်း သိချင်ပါတယ်ဗျ။
ဟုတ်ကဲ့ပါရှင်။ အကျုံးဝင် ကိစ္စရပ်တွေက
စုစုပေါင်း (၁၀) ခုရှိပါတယ် ...
အဲဒါတွေကတော့ ...
(၁) ပိုက်လိုင်းဟောင်းများကို ဖယ်ရှား / မြှုပ်နှံ / ပြုပြင်ခြင်း၊
(၂) မီးဘေးအန္တရာယ် / လျှပ်စစ်အန္တရာယ်ကိစ္စများ၊
(၃) ရေပိုက်လိုင်း / ရေအရင်းအမြစ် ပြုပြင်ခြင်း၊
(၄) အသုံးမပြုသော ရေဆိုးကန်များပြန်လည်မြေဖို့ခြင်း / အသစ်တူးခြင်းကို ရပ်ဆိုင်းခြင်း၊


(၅) တွင်းပေါက် / မြေပေါက်များ ပြန်လည်မြေဖို့ခြင်း၊
(၆) တံတား / ကားလမ်း ပြုပြင်ခြင်း၊
(၇) ယာယီပိတ်ထားသော ရေနံတွင်းများကို ဖယ်ရှားခြင်း၊
(၈) သီးနှံလျော်ကြေးကိစ္စ၊
(၉) မြေယာလျော်ကြေး / မြေအသုံးပြုခြင်းနဲ့
(၁၀) အလုပ်အကိုင်ကိစ္စတို့ ပါဝင်ပါတယ် ...


ဒေါ်နှင်းနှင်း ပြောပြီးသွားတော့ ကိုရန်နိုင်အလှည့်။
ကျွန်တော်က CSR ဝန်ထမ်းဆိုတော့ CSR အကြောင်းကို ရှင်းပြပါ့မယ်။ CSR ဆိုတာ Corporate Social Responsibility ကို အတိုကောက် ခေါ်တာပါ။ မြန်မာလိုတော့ လူမှုရေး တာဝန်သိတတ်မှုလို့ ခေါ်နိုင်ပါတယ်။ ဒါက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကို ဆိုလိုတာပါ ...


အခုဆက်လက်ပြီး ကျွန်တော်တို့ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ ဟောဒီ မင်းဘူး (စကု) မန်းရေနံမြေမှာ ဆောင်ရွက်ပေးနေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ လူမှုအကျိုးပြု ဆောင်ရွက်ချက်တွေကို တင်ပြပေးပါ့မယ်။ ပထမဦးဆုံးအနေနဲ့ ကျန်းမာရေးကဏ္ဍမှာ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ ပံ့ပိုးဆောင်ရွက်မှု အဖြစ် ဆရာဝန် (၂) ဦး၊ ကျန်းမာရေး အထောက်အကူပြု ဝန်ထမ်း (၂) ဦးနဲ့ ဒေသခံ စေတနာ့ဝန်ထမ်းတွေပါ ပါဝင်ပြီး ရွေ့လျားဆေးပေးခန်း (၅) ခုကို ကျေးရွာ (၆) ရွာမှာ အပတ်စဉ် (၅) ရက် ဖွင့်ပေးထားပြီး ဒေသခံတွေကို အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ပြီးတော့ ... မျက်စိကျန်းမာရေး စောင့်ရှောက်မှုလည်း ပံ့ပိုးပေးပါတယ် ...
CSR ဆို၍ ကောင်းမြတ်မှာ အာရုံစိုက်နားထောင်နေလိုက်၏။ သူတို့အရွယ်က ပင်ကိုယ်သဘာဝအားဖြင့် စူးစမ်းလေ့လာတတ်သော အရွယ်။
နောက် ပညာရေးကဏ္ဍမှာလည်း CSR အစီအစဉ်ရဲ့ ပံ့ပိုးမှု အနေနဲ့ အခြေခံပညာကျောင်း အဆောက်အဦနဲ့ ကျောင်းသုံးပရိဘောဂတွေ ဖြည့်ဆည်းပေးတာတွေ ရှိပါတယ်။ ပြီးတော့ ကျွန်တော်တို့ MPRL E&P ရဲ့ CSR အစီအစဉ်နဲ့ ပညာသင်ဆုတွေလည်း ပံ့ပိုးပေးထားပါတယ်။ ဥပမာ– အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မကွေး)၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) စတဲ့ ကျောင်းတွေမှာ ကျွန်တော်တို့ရဲ့ ပညာသင်ဆုနဲ့ တက်ရောက် ပညာသင်ယူနေကြတဲ့ ကျောင်းသားတွေ ရှိပါတယ်။


၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာဆိုရင် MPRL E&P ရဲ့ CSR
အစီအစဉ်ကနေ ပောဒီ မန်းရေနံမြေက ဒေသခံလူငယ် (၁၅) ဦးကို
ပညာသင်ဆုများ ချီးမြှင့်နိုင်ခဲ့ပါတယ်။ အဲဒီအထဲမှာ မကွေး
ဆေးတက္ကသိုလ်ကကျောင်းသားတစ်ဦးပါ ပါတယ် ...


နောက်တစ်ခုက အခြေခံပညာ ကျောင်းသားလေးတွေအတွက် ပညာရေး
အထောက်အကူပြုအောင် အေးမြရွာနဲ့ နန်းဦးရွာမှာ လူထုခြေပြု ဗဟိုဌာန
(Community Center) တွေဖွင့်ပြီး ကျောင်းသားလေးတွေရော၊
ရွာသူရွာသားတွေပါ ဗဟုသုတ ရှာမှီးနိုင်ဖို့ စာကြည့်တိုက်နဲ့ ကျောင်းသားလေး
တွေအတွက် အွန်လိုင်း(Online) အင်္ဂလိပ်စာ သင်တန်းတွေကို ဖွင့်လှစ်
ပေးထားပါတယ်။ ကွန်ပျူတာနဲ့ သင်ကြားရတဲ့ အွန်လိုင်း(Online)
အင်္ဂလိပ်စာ သင်တန်းဟာ အင်္ဂလိပ်စာသာမကဘဲ ကွန်ပျူတာ အခြေခံရော၊
စာစီစာရိုက် စတာတွေပါ သင်ယူခွင့် ရတာဖြစ်တဲ့အတွက် ကလေးတွေ
အတွက် အလွန်အကျိုးများစေပါတယ် ...



အခုဆက်လက်ပြီး စိုက်ပျိုးရေး ကဏ္ဍမှာ ကျွန်တော်တို့ MPRL E&P ရဲ့ CSR အစီအစဉ်ကနေ ပံ့ပိုးဆောင်ရွက်ပေးမှု တချို့ကို တင်ပြပါ့မယ်။ ကျွန်တော်တို့အနေနဲ့ ဒီဒေသမှာ စိုက်ပျိုးရေး လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ပြီး ဥယျာဉ်စိုက်ပျိုးနည်း သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ ပြီးတော့ သဘာဝမြေဩဇာ၊ သဘာဝ ပိုးသတ်ဆေး၊ သဘာဝ ရွက်ဖြန်း ဆေးတွေရဲ့ အကျိုးကျေးဇူးတွေကို သိရှိနားလည်လာပြီး အသုံးချတတ်လာအောင် ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပြီးတော့ မှိုနဲ့ ခရမ်းချဉ် စိုက်ပျိုးထုတ်လုပ်ရေး၊ နေကြာမျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ရရှိရေးနဲ့ မျိုးစေ့ဘဏ်အစီအစဉ် တိုးချဲ့ဆောင်ရွက်နိုင်ရေး စတာတွေမှာ ပံ့ပိုးကူညီ ဆောင်ရွက်ပေးထားပါတယ်။
MPRL
MPRL
E&P


ခရမ်းချဉ်နဲ့ ပတ်သက်ပြီး နည်းနည်းထပ်တင်ပြလိုပါတယ်။ ဒီအညာမြေမှာ ခရမ်းချဉ်ကို မိုးရာသီ ... 
MPRL



ဟောပြောပွဲပြီးသွားတော့ ဧည့်ပရိသတ်များလည်း ပြန်သွားကြလေပြီ။ မောင်ကောင်းမြတ်ကတော့ သူသိချင်တာတွေ သိလိုက်ရသည့်အတွက် ကျေနပ်ပီတိ ဖြစ်နေ၏။
သားအခု ဦးလေး လှထွန်းအိမ်ကို လာလိုက်တာ သားသိချင်တာ အားလုံးကို သိသွားပြီ ...
ဟုတ်လား။ တကယ် အားလုံးသိတာလား။ ဒါဆိုရင် သူ့ကိုသိလား ...


ဗျာ..အဲဒါ..အဲဒါ သားအစ်ကို ကိုအောင်အောင်လေ ...
အဲဒါကို ပြောတာမဟုတ်ဘူးကွယ့်။ အောင်အောင်လည်း MPRL E&P ရဲ့ CSR အစီအစဉ် ပညာသင်ဆုနဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) မှာ ပညာသင်ကြားနေတာကို ပြောတာကွယ့်..ဟား..ဟား..
ကြားဝင်ပြောလိုက်သော ဦးသာလှ၏ စကားအဆုံးတွင် ဦးလှထွန်းတို့ အိမ်ကလေးမှာ ရယ်သံများနှင့် လွှမ်းခြုံသွားလေတော့သည်။


ကောင်းမြတ်တစ်ယောက် အညာမြေတွင် ပျော်ပါသော်လည်း ရက်သတ္တပတ်ကျော်လာသောအခါတွင်တော့ အချိန်တန် အိမ်ပြန်ရပေတော့မည်။
သားရေ မောင်ကောင်းမြတ်.. သားက မနက်ဖြန်ဆိုရင် ပြန်ရတော့မှာဆိုတော့ အခုကတည်းက ပစ္စည်းတွေကို သိမ်းဆည်းထားတော့ကွယ်။ ပြီးရင် ကြီးကြီးမြဆီလည်း ခဏလာပါဦး ...
ဟုတ်ကဲ့ ကြီးကြီး ...


ကောင်းမြတ် ပစ္စည်းများသိမ်းပြီးတော့ ဘကြီးသာလှ၏ဇနီး ကြီးကြီးမြရှိရာသို့ လာခဲ့၏။
ကြီးကြီးက သားမေမေအတွက် သီးသန့်လက်ဆောင်လေးတွေ ပေးလိုက်ချင်လို့ကွယ့်။ ဟောဒီမှာ ကြီးကြီးမြကိုယ်တိုင်လုပ်ထားတဲ့ သဘာဝခေါင်းလျှော်ရည်နဲ့ သဘာဝ ကိုယ်တိုက်ဆပ်ပြာလေးတွေ..



ကြီးကြီးမြ ပေးလာသည်က သဘာဝ ခရမ်းချဉ်သီးမှ ထုတ်လုပ်ထားသည်ဆိုသော ခေါင်းလျှော်ရည်နှင့် ဆပ်ပြာများ။ ကောင်းမြတ် တအံ့တဩနှင့် မေးခွန်းထုတ်လိုက်မိ၏။
ကြီးကြီး..သားက သဘာဝ ခေါင်းလျှော်ရည်ဆိုရင် တရော်ကင်ပွန်း ခေါင်းလျှော်ရည်ပဲ သိတာ။ မေမေက ဆံပင်မကျွတ်ဘူးဆိုပြီး အဲဒါနဲ့ခေါင်းလျှော်တာ များတယ်လေ။ အခုလို ခရမ်းချဉ်သီး ခေါင်းလျှော်ရည် ကိုတော့ တစ်ခါမှ မတွေ့ဖူးဘူး


ကြီးကြီးမြက အသာအယာပြုံးလျက် -
ဟင်း..ဟင်း..ခရမ်းချဉ်သီးကလည်း
ခေါင်းလျှော်ရည်တို့၊ ဆပ်ပြာတို့
ထုတ်လုပ်လို့ရပါတယ်ကွယ်။


ကြီးကြီးမြက ရှင်းပြပြီးနောက် ၎င်းပစ္စည်းများကို နမ္မဒါဟု အမှတ်တံဆိပ်ပါရှိသော ချည်ထည်အိတ် တစ်ခုထဲတွင် ထည့်ပေးလိုက်၏။
ထည့်စရာ အိတ်ဆိုလျှင် ပလပ်စတစ်အိတ်များကိုသာ မြင်တွေ့နေကျ ကောင်းမြတ်အတွက် ဤသည်ကလည်း စပ်စုချင်စရာ။
ကြီးကြီး..ဒီ..ဒီအိတ်ကြီးက..


မောင်ကောင်းမြတ်က ဒါကိုလည်း သိချင်နေပြန်ပြီလား။ ဒါကလည်း MPRL E&P ရဲ့ CSR အစီအစဉ်ကပံ့ပိုးမှုနဲ့ လုပ်ဆောင်နေတဲ့ အမျိုးသမီးများ ခုပေါင်းအပ်ချုပ်လုပ်ငန်း တစ်ခုဖြစ်တဲ့ နမ္မဒါ အပ်ချုပ်လုပ်ငန်းက ထုတ်လုပ်ထားတဲ့ အညာချည်ထည်အိတ်ပေါ့ကွယ်..
ကောင်းမြတ်တစ်ယောက် အိမ်သို့ပြန်ရောက်ခဲ့ပြီ။သူ့တွင် အညာမှ ပေးလိုက်သော လက်ဆောင်များ တပုံတပင်ကြီး ပါလာ၏။
မေမေရေ..သားပြန်လာပြီ။ ဟောဒီမှာ လက်ဆောင်တွေလည်း အများကြီးပါလာတယ် ...

သူ့တွင်ပါလာသည်က သဘာဝ ခရမ်းချဉ် ထုတ်ကုန်များဖြစ်သော ခေါင်းလျှော်ရည်နှင့် ဆပ်ပြာများအပြင် လေးအိမ်တန်းရွာမှ ထွက်သော ပုန်းရည်ကြီး၊ လင်းမင်းတံဆိပ် ပါပလာ၊ အညာမြေပဲဆီနှင့်နှမ်းဆီ စစ်စစ်၊ မြေပဲဆန်၊ ကုလားပဲတို့နှင့်အတူ သူအလွန်ကြိုက်သော မောင်မခေါ်ပဲ စသည်များ ...




၎င်းတို့ကို သူ့သူငယ်ချင်းများနှင့် အိမ်နီးချင်းများကို ဝေငှပေးရမည်။ ထို့အပြင် မင်းဘူး မန်းရေနံမြေမှ သိလာခဲ့သော MPRL E&P ၏ CSR ဆိုင်ရာ ဗဟုသုတများကိုလည်း ရပ်ရွာလူကြီးများအား အညာပြန်လက်ဆောင်အဖြစ် ဝေငှပေးရပါဦးမည်။ ထို့ထက်ပို၍ကား MPRL E&P ၏ CSR ဆိုင်ရာကိစ္စများအတွက် ဆွေးနွေးတင်ပြကြရသောအခါ သူအလွန်အားကျခဲ့ရသော ကွန်ပျူတာ အင်္ဂလိပ်စာ သင်တန်းတစ်ခုကိုလည်း ထည့်သွင်းအဆိုပြုပေးနိုင်ပါရန် ရပ်ရွာလူကြီးများအား တိုက်တွန်းပြောပြရဦးမည် မဟုတ်လော။



The OGM Comic Book and Coloring Book – A Creative Fusion of Art, Stories, and Imagination.

All rights reserved. The content of this product, including its artwork and text, is protected by copyright. Please do not copy, share, or distribute without permission.

For inquiries or permissions, feel free to reach out to us at communications@mprlexp.com